AROMA
ဝိညာဉ်ရေးထုစာစောင်

Calvary Burmese Church, 755, 8th Street, NW Washington DC 20001, Tel; (202) 347-8355, www.geocities.com/aromadc; www.cbc-dc.com

February 2009 အတွဲ ၆၊ အမှတ် ၂။ ကရာနီမြန်မာအသင်းတော်(ဝါရှင်တန်ဒီစီ)ဧဝံဂေလိနှင့်သာသနာပြုဌါနမှထုတ်ဝေသည်။

**ခရစ်တော်သည်ငါတို့ကိုချစ်တော်မူသောအားဖြင့်၊ ဘုရားသခင့်ရှေ့တော်၌မွှေးကြိုင်သောအနံ့ရှိစေခြင်းငှါ၊ကိုယ်ကိုကိုယ်ဆက်ကပ်၍ယဇ်ပူဇော်လျက်၊ ငါတို့အတွက်စွန့်တော်မူသည်နည်းတူ၊ သင်တို့သည်မေတ္တာတရား၌ကျင်လည်ကြလော့။ (ဧဖက် ၅း၂)**

## ယခုလဖတ်စရာ

- မှန်ကန်စွာချိန်စတတ်ပါစေ
- အော်လ်တာနေးတစ်ဓမ္မဝတ္တု
- စိုးရိမ်ပူပန်ရမှုကြီး
- လောကဒြေ့သည်

## ဝိညာဉ်ရေးအကြံပေး

သိက္ခာတော်ရဆရာစောလယ်ထူး

## အယ်ဒီတာအဖွဲ့

ဦးကမ် **(ထုတ်ဝေရေး)**
ukamaroma@gmail.com
သောင်းနိုး **(ကွန်ပြူတာစာတည်း)**
thawngnoaroma@gmail.com

## ကွန်ပြူတာစာစီ

မတိုး

---

စာမူပေးပို့လိုသူများအောက်ပါ
လိပ်စာသို့ပေးပို့နိုင်ပါသည်။

3401 Sudlersville South
Laurel, MD 20724
Tel: 301-776-6820

# မှန်ကန်စွာချိန်စတတ်ပါစေ

(BE BALANCED)

ယနေ့ခေတ်ကာလသည် ကျေးဇူးတော်ကာလ၊ အသင်းတော်ကာလ၊ တစ်နည်းအားဖြင့် သန့်ရှင်းသော ဝိညာဉ်တော်အုပ်စိုးသည့်ကာလဖြစ်သလို၊ နောက်ဆုံးသော ကာလလဲဖြစ်ပါသည်။ ဤခေတ်ကာလ၌ဂိုဏ်းဂဏအမျိုးမျိုး၊ ဩဝါဒအမျိုးမျိုးပေါ်ထွက်လာမည်ဖြစ်ကြောင်း သမ္မာကျမ်းစာမှ ကြိုတင်သတိပေးထားခြင်းဖြစ်ပေသည်။ ထို့ကြောင့် ယနေ့ယုံကြည်သူများအနေဖြင့်ပေါ်ထွက်လာသည့် ဩဝါဒအမျိုးမျိုးတို့အား မှားသည်၊ မှန်သည်၊ ဆိုးသည်ကောင်းသည်ကို နှုတ်ကပတ်တော်မီးမောင်းဖြင့် စစ်ဆေးကြဖို့နှင့် အစွန်းရောက်ဝါဒီ (Extremist) များ မဖြစ်ကြဖို့ရန် ဤဆောင်းပါးကိုရေးရခြင်းဖြစ်ပါသည်။

ကြားသိရသမျှကို ကျမ်းစာနှင့် တိုက်ဆိုင်စစ်ဆေးပါ။(Always compare what you hear with the bible says) သူများပြောတိုင်းယုံကြည်သူများမှာ 'ခလေးသူငယ်များ' ပင်ဖြစ်သည်။ 'နင့်အမေကုလားကြီးနဲ့လိုက်သွားပြီ' လို့ပြောလိုက်သည်နှင့် အချို့ကလေးများတကယ်ထင်ပြီးငိုတတ်ကြသည်။ ပြောတိုင်းယုံခြင်းသည် ဝိညာဉ်သူငယ်၏ လက္ခဏာပင်ဖြစ်သည်။ ကောင်းကျိုး မကောင်းကျိုး ကိုပိုင်းခြား၍ သိတတ်သူသာလျှင် ဝိညာဉ်ရေး၌ရင့်ကျက်သူဖြစ်သည် (ဟေ ၅း၁၄)။

ယနေ့ အသစ်အသစ်ပေါ်ထွက်လာသည့် သွန်သင်ချက်များနှင့် ပတ်သက်ပြီး ကျွန်ုပ်တို့အနေဖြင့်မည်ကဲ့သို့တုန့်ပြန်သင့်သနည်း ဗေရိမြို့သားတို့၏ဥပမာကို ယူနိုင်ပါသည်။ 'ဗေရိမြို့သားတို့သည် သက်သာလောနိတ်မြို့သားတို့ထက်ထူးမြတ်သဖြင့် အလွန်ကြည်ညိုသော စေတနာစိတ်နှင့် နှုတ်ကပတ်တော်ကို ခံယူ၍ မှန်သည်မမှန်သည်ကို သိခြင်းငှာ ကျမ်းစာကို နေ့တိုင်းအစဉ်စေ့စေ့ကြည့်ရှုကြ၏ (တ ၁၇း၁၁)။

**ကယ်တင်ခြင်းသည်လက်ခံယူရန်ဆုလက်ဆောင်ဖြစ်၏**
**ဆွတ်ခူးယူရန် ပန်းတိုင်မဟုတ်**

ဗေရိမြို့သားတွေက သက်သာလောနိတ်မြို့သားတွေထက်အဘယ်ကြောင့် ထူးမြတ်ရသနည်း ထူးခြားရသနည်း တကယ်တော့ သက်သာလောနိတ်မြို့သားတွေလည်း နှယ်နှယ်ရရ လူတွေမဟုတ်ပါ။ ရှင်ပေါလု၏ ချီးကျူးဂုဏ်ပြုခြင်း ကိုပင်ခံရသူများဖြစ်ကြောင်း (၁သက် ၁း၈)ကိုဖတ်ခြင်းအားဖြင့်သိနိုင်ပါသည်။ '*အဘယ်သို့နည်းဟူမူကား၊ သင်တို့ထံက သခင်ဘုရား၏ နှုတ်ကပတ်တော်အသံသည် မာကေဒေါနိပြည်၊ အခါယပြည်၌ကျော်စောသည်သာမက ဘုရားသခင်ကိုသင်တို့ယုံကြည်ခြင်း၏သတင်းသည် အရပ်ရပ်တို့၌နှံ့ပြားလေ၏။ သို့ဖြစ်၍ ငါတို့သည်တစ်စုံတစ်ခုကိုမျှ ပြောစရာအကြောင်းမရှိ*' (၁သက် ၁း၈)

*သူတို့သည် သန့်ရှင်းသော ဝိညာဉ်တော်နှင့်ဆိုင်သော ဝမ်းမြောက်ခြင်းနှင့်တကွ နှုတ်ကပတ်တော်ကိုခံယူသောသူများ ဖြစ်ကြသည်။* (၁သက် ၁း၆)။ ဗေရိမြို့သားတွေက သက်သာလောနိတ်မြို့သားတို့ထက် ပိုပြီးထူးမြတ်ရသည့်အကြောင်းမှာ သူတို့သည် နှုတ်ကပတ်တရားတော်ကို အလွန်ကြည်ညို သောစိတ်နှင့် ခံယူရုံသာမကဘဲ မှန်သည်၊ မမှန်သည်ကိုသိဖို့အတွက် ကျမ်းစာနှင့်တိုက်ဆိုင်စစ်ဆေးကြသောကြောင့်ပင်ဖြစ်သည်။

အင်္ဂလိပ်ကျမ်းစာ၌ “For they examined the Scriptures every day to see if what Paul said was true”(NIV) '*ပေါလုဟောပြောသမျှမှန်သည်၊ မမှန်သည် ကိုသိခြင်းငှာ ကျမ်းစာနှင့် နေ့စဉ်တိုက်ဆိုင် စစ်ဆေးကြ၏*' ဟုအဓိပ္ပါယ်ရပါသည်။ သူတို့အနေနှင့် '*ဟေ့ – တမန်တော်ကြီးရှင်ပေါလုကိုယ်တိုင် ဟောပြောနေတာပဲဥစ္စာ၊ ကျမ်းစာနဲ့ ပြန်စစ်ဆေးဖို့ မလိုပါဘူး*' '*တမန်တော်ကြီးရှင်ပေါလုဆိုတာ ယေရှုခရစ်တော်နဲ့ တိုက်ရိုက်စကားပြောခဲ့တဲ့ ပုဂ္ဂိုလ်ကြီးပဲ၊ ဗျာဒိတ်ယူပါရုံတွေလဲမြင်ခဲ့ပြီးပြီ။ သူပြောသမျှအားလုံးဟာ အမှန်တွေဘဲ ဖြစ်ရမယ်*' ဒီလိုနည်းနဲ့ သူတို့ခံယူခဲ့ခြင်း မဟုတ်ပါ။ ရှင်ပေါလု၏ဟောပြောချက်နှင့် ဘုရားသခင်၏ နှုတ်ကပတ်တော်ကိုက်ညီမှုရှိ မရှိ အတည်ပြုချက်ရယူခဲ့ခြင်းဖြစ်သည်။

R. Edward Miller က “ The Shepherd’s" စာအုပ်၌ လူတစ်ယောက်သည် တစ်စုံတစ်ခုကို ဟောပြောသည့်အခါ ၎င်းဟောပြောချက်၏ ပင်မအရင်းအမြစ်မှာ (၄) မျိုးထဲမှတစ်မျိုးမျိုးဖြစ်နိုင်ကြောင်း ရှင်းပြထားသည်။

(၁) လူ့ဝိညာဉ်–စိတ်ကူး (ယေဇ ၁၃း၂–၃)

(၂) မုသားပြောတတ်သောဝိညာဉ်ဆိုး (၆ရာ ၁၈း၂၁)

(၃) သန့်ရှင်းသောဝိညာဉ်တော်

(၄) အထက်ပါ(၃)မျိုးထဲမှ နှစ်ခုပေါင်းစပ်ခြင်း ။

ဤစတုတ္ထအချက်နှင့်ပက်သက်ပြီး အကောင်းဆုံးဥပမာမှာ မဿဲ ၁၆ ၌ပါရှိသော ရှိမုန်ပေတရုပြောဆိုသည့်စကား ပင်ဖြစ်ကြောင်း သူက ဆက်လက်ရှင်းပြပါသည်။ ရှိမုန်ပေတရုက '*ကိုယ်တော်သည်ခရစ်တော်တည်းဟူသော ဘုရားသခင်၏သားတော် ဖြစ်တော်မူသည်ဟု လျှောက်လေ၏*' (မ ၁၆း၁၆) ယေရှုက ၎င်းပြောဆိုချက်သည် အသွေးအသားမှလာခြင်းမဟုတ်၊ ခမည်းတော်ဖွင့်ပြသည့်အရာဖြစ်ကြောင်း မိန့်ဆိုခဲ့သည်။ သို့သော်မိနစ်အနည်းငယ်ကြာပြီးသည့်အခါ ယေရှုက ထိုပေတရုကိုပင် '*အချင်းရန်သူ၊ ငါ့နောက်သို့ဆုတ်လော့၊ သင်သည် ဘုရားသခင်၏ အရာတို့ကို စိတ်မစွဲလန်း၊ လူတို့၏အရာကိုသာစွဲလန်းသည်ဟု မိန့်တော်မူ၏*' (မ ၁၆း၂၃)

စာတန်က ယေရှုကိုချစ်သော တမန်တော်ပေတရု၏ နှုတ်ကိုအသုံးပြု၍ မှားယွင်းစွာပြောသည်ဖြစ်ကြောင်း ယေရှုသိတော်မူသည့်အတွက် ထိုကဲ့သို့ဆုံးမခြင်းဖြစ်သည်။ စာတန်၏ အသုံးပြုခြင်းခံလိုက်ရသည်ကို ပေတရုပင် သတိမပြုမိလိုက်ကြောင်း တွေ့ရသည်။ ထို့အတွက်ကြောင့်ပင် တမန်တော်ယောဟန်က ကျွန်ုပ်တို့အား သတိပေးထားသည်မှာ '*ချစ်သူတို့၊ ခပ်သိမ်းသောစိတ်ဝိညာဉ်တို့ကို မယုံကြနှင့်၊ စိတ်ဝိညာဉ်တို့သည် ဘုရားသခင်နှင့်စပ်ဆိုင်သည် မစပ်ဆိုင်သည်ကို မယုံကြနှင့်။ စိတ်ဝိညာဉ်တို့သည် ဘုရားသခင်နှင့်စပ်ဆိုင်သည် မစပ်ဆိုင်သည်ကို စုံစမ်းကြလော့။ အကြောင်းမူကား၊ မိစ္ဆာပရောဖက် အများ တို့သည် ဤလောကသို့သွားကြပြီ*' (၁ယော ၄း၁)

ကျွန်ုပ်တို့ မကြာခဏပြုမိသောအမှား တစ်ခုရှိပါသည်။ ၎င်းမှာ ကျွန်ုပ်တို့နှစ်သက် သဘောကျသော တရားဟောဆရာကြီးများက ဩဝါဒအသစ်အဆန်းတွေ သွန်သင်သည့်အခါ ကျွန်တော်တို့က ဝေဖန်ပိုင်းခြားမနေတော့ဘဲ '*အို ဒါတွေဟာဘုရားဖွင့်ပြတဲ့အရာတွေပဲ*' လို့ တစ်ထစ်ချ သတ်မှတ်မိခြင်းဖြစ်သည်။ ကျွန်တော်ကိုယ်တိုင် ယနေ့ကမ္ဘာပေါ်တွင်ဘုရားရှင်အံ့ဩဖွယ်ရာ အသုံးပြုသော ပုဂ္ဂိုလ်ကြီးများ၏ စာအုပ်များစွာ ဖတ်ရှုလေ့လာခြင်း၊ တိတ်ခွေများ နားထောင်ခြင်း၊ Video -VCD - နှင့် T.V အစီအစဉ်များကြည့်ရှုခြင်းသာမက အခါအခွင့်သင့်တိုင်း ၎င်းတို့၏ တရားဟောပွဲ (Crusade) များ၊ ကျမ်းစာသင်တန်း (Seminar) များတက်ရောက်ခြင်းအားဖြင့် နှုတ်ကပတ်တော်ကို ခံယူပါသည်။ သို့သော် ကျွန်တော်ကြားရ၊ မြင်ရ သွန်သင်ခံရသည့်အရာတွေသည် သမ္မာကျမ်းစာ၏ အခြေခံဩဝါဒ (Basic Bible Doctrine)

နှင့်ကိုက်ညီမှုရှိ မရှိ စစ်ဆေးပြီးမှသာ လက်တွေ့ကျင့်သုံးပါသည်။

## အစွန်းရောက်ခြင်းကိုရှောင်ကြဉ်ပါ

(Avoid Extremes)

ခန္ဓာကိုယ်ကျန်းမာစေဖို့အတွက် ချို၊ ချဉ်၊ ငန်၊ စပ်၊ ဖန်၊ ခါး၊ ဆိမ့်၊ အရသာရှိသည့် အစာအဟာရများကို အချိုးညီမျှစွာ စားသုံးပေးဖို့လိုအပ်ပါသည်။ လိုအပ်သည်ထက် ပိုမိုစားသုံးပါက ရောဂါရပြီး မကျန်းမမာဖြစ်နိုင်ရုံသာမက အသက်အန္တရာယ်ပင်ကြုံတွေ့နိုင်ပါသည်။ ထိုနည်းတူစွာ ဝိညာဉ်ရေးရာ အသက်တာ ကြီးထွားကြံ့ခိုင်ဖို့အတွက်လည်း သမ္မာကျမ်းစာ၌ပါရှိသော ဝိညာဉ်အစာအာဟာရများအား ချိန်မျှ စားသောက်တတ်ဖို့လိုအပ်ပါသည်။

အချို့သောပုဂ္ဂိုလ်များ အစပထမပိုင်းတွင်ဘုရားရှင်၏ အံ့သြဖွယ်ရာအသုံးပြုခြင်းကို ခံရသော်လည်း၊ အစွန်းရောက်သြဝါဒများကို စွဲကိုင်လာသည့်အခါ မှားယွင်းသော ကိုးကွယ်မှု (Cult) ပြုသူများ ဖြစ်လာကြောင်းအသင်းတော်သမိုင်းတစ်လျှောက်တွင် အထင်အရှားတွေ့နိုင်ပါသည်။

ယနေ့ခေတ်ကာလသည် သန့်ရှင်းသောဝိညာဉ်တော်၏ ခေတ်ကာလဖြစ်သောကြောင့် ဝိညာဉ်တော်က အသင်းတော်၌ နိုးထမှု ဖြစ်စေမည့်အရာများအား ဖွင့်ပြလျှက်ရှိကြောင်း မည်သူမျှ မငြင်းနိုင်ပါ။ သို့သော် စာတန်မာရ်နတ်သည်လည်းအသင်းတော်နှင့် ယုံကြည်သူများအား ဖြိုခွဲဖျက်ဆီးရန်ကြံစည်လျှက် မှားယွင်းသော သြဝါဒများဖြင့် တိုက်ခိုက်လျှက် ရှိကြောင်း သတိချပ်ရမည်။

မည်သူမဆို သမ္မာကျမ်းစာထဲမှ မိမိနှစ်သက်ရာသြဝါဒတစ်ခုခုကို ဆွဲထုတ်အခြေပြုပြီး တယူသန်စွဲကိုင်ပါက အစွန်းရောက်ဝါဒီတစ်ဦးဖြစ်လာနိုင်သည်။ ထိုသို့မဖြစ်ကြဖို့ရန်အတွက် ယနေ့အမှုတော်ဆောင်များနှင့် ယုံကြည်သူများအကြား၌ မကြာခဏမြင်တွေ့ရသော အစွန်းရောက်ခံယူချက်အချို့ကို တင်ပြဆွေးနွေးလိုပါသည်။

## ဓမ္မတက္ကသိုလ် – ကျမ်းစာကျောင်း

(Bible College -School)

ယနေ့ကမ္ဘာပေါ်တွင် ဓမ္မတက္ကသိုလ်၊ ကျမ်းစာသင်ကျောင်း ထောင်ပေါင်းများစွာရှိပါသည်။ ကျမ်းစာကျောင်းနှင့် ပတ်သက်၍ အမှုတော်ဆောင် ယုံကြည်သူများအကြား၌ ခံယူချက်အမျိုးမျိုး ရှိကြသည်။ အချို့က ‘ကျမ်းစာကျောင်းကဘွဲ့ရမှ အမှုတော်ဆောင်၊ သင်းအုပ်လုပ်နိုင်သည်’ ဟုဆို၏။ ‘ကျမ်းစာကျောင်းမတက်လျှင် အမှုတော်ဆောင်အဖြစ် အသိအမှတ်မပြုနိုင်’ ဟုထုတ်ဖော်ပြောဆိုကြ၏။ အချို့ကြတော့ ‘ကျမ်းစာကျောင်းတက်ခြင်း သည် ဘုရားသခင်၏ အကြံအစည်မဟုတ်၊ ကျမ်းစာကျောင်းဘွဲ့ဆိုတာ လုံးဝမလိုအပ်၊ ကျမ်းစာကျောင်းတက်ခြင်းအား လက်တွေ့မပါ၊ အသိပညာသက်သက်ခံယူခြင်း(သို့) အချိန်ဖြုန်းခြင်းဟုထင်မြင်ကြသည်။

မည်သည့်သွန်သင်ချက်မှန်သနည်း နှစ်ဖက်စလုံး အစွန်းရောက်နေခြင်းဖြစ်သည်။ ဓမ္မဟောင်းခေတ်၊ ပရောဖက်ဧလိယနှင့် ဧလိရှဲလက်ထက်၌ ပရောဖက်ကျောင်းများရှိကြောင်း တွေ့ရသည် (၄ရာ ၂း၅–၄း၃၈)။ ဓမ္မသစ်ကာလ၌ကြည့်လျှင် တုရန္နု အမည်ရှိသောသူ၏ စာသင် ဇရပ်၌ တမန်တော်ပေါလုက ၂နှစ်တိုင်ယုဒလူ၊ ဟေလသလူအပေါင်းတို့အားနှုတ် ကပတ်တရားတော်ကို ဟောပြောခဲ့ကြောင်းတွေ့ရသည် (တ ၁၉း၁၀)။ ဤသည်မှာ ကျမ်းစာကျောင်းပုံစံပင်ဖြစ်သည်။

ကျမ်းစာကျောင်း ဟူသည်အသင်းတော်ကို အထောက်အကူပြုနေသည့် အဖွဲ့အစည်းတစ်ခုဖြစ်သည်။ ဓမ္မပညာကို စနစ်တကျဖြန့်ဖြူးပေးနေသည့် ဌာနကြီးလည်း ဖြစ်ပေသည်။ သို့သော် ကျမ်းစာကျောင်းအားလုံးက အသင်းတော်ကို အထောက်အကူပြုသည်တော့မဟုတ်။ မှားယွင်းသော သီဩလော်ဂျီကို ပို့ချနေသည့် ဓမ္မတက္ကသိုလ်များလဲရှိသည် တကယ်တော့ ကျမ်းစာကျောင်းတက်ခြင်း၊ မတက်ခြင်းကအဓိက မဟုတ်ပါ။ ဘုရားသခင်အသုံးပြုခြင်းသည် ဘွဲ့ရခြင်း၊ မရခြင်းနှင့် မသက်ဆိုင်၊ ဘုရားသခင်ထံ မိမိအသက်တာကို အပြည့်အဝဆက်ကပ်အပ်နှံသူ ဖြစ်ဖို့သာပို၍ အရေးကြီးပေသည်။ ကျမ်းစာကျောင်းမတက်ဘဲ ထူးချွန်ပြောင်မြောက်စွာ အမှုတော်ဆောင်နေသူများ ရှိသကဲ့သို့ ကျမ်းစာကျောင်းဘွဲ့ရ ပြီးနိမ့်ချစွာဖြင့် အမှုတော်မြတ်၌ အစေခံနေသူတွေလည်း ဒုနဲ့ဒေးရှိပေသည်။

နောက်လဆက်ဖတ်ရန်

သိန်းသန်း

# အော်(လ်)တာနေးတစ်ဓမ္မဝတ္ထု

*အခန်း – ၁*

‘စိတ်’ ၏သဘောတွင် ကန့်သတ်ချက်မရှိ၊ အတိုင်းအဆမဲ့ဖြစ်၏။ ‘ရုပ်’ ၏သဘော၌ ကန့်သတ်ချက်ရှိ၏။ ‘လူ’ ဆိုသည်မှာထို ဆန့်ကျင်ဘက်သဘောဆောင်နေသည့် ‘ရုပ်ဓါတ်’ နှင့် ‘စိတ်ဓါတ်’ နှစ်မျိုးပေါင်းဖွဲ့ကာ (Harmony) ဖြစ်လျှက် ‘ဖြစ်တည်’ နေသော အလွန်ထူးဆန်းသည့် သတ္တဝါတစ်မျိုးဖြစ်၏။

သူ့ကို ထာဝရဘုရားသခင်က ဖန်ဆင်းထားသည်ဟု သမ္မာကျမ်းစာဆို၏။ ထို့ကြောင့် သက်ရှိတို့မှီတင်းနေထိုင်ရာ ဤ ‘ကမ္ဘာဂြိုလ်’ အတွင်းမှာ၊ ပထမဦးဆုံး ဖက်စပ်ကုမ္ပဏီ ထူထောင်ပြီး လုပ်ငန်းလုပ်ကိုင်ခဲ့သည်မှာ ထာဝရဘုရား သခင်ပင်ဖြစ်တော့သည်။ (လူကို ဖန်ဆင်းသောအမှုဖြစ်၏)

သူ၏စက်ရုံမှ ထွက်ပေါ်လာသော ကုန်ပစ္စည်းတစ်မျိုးမှာ ‘သက်ရှိလူသား’ ဆိုသည့် အရာပင်ဖြစ်ပါ၏။

ဓါတ်လေးပါး အပေါင်းအစုဖြစ်သော ‘ရုပ်ဓါတ်’ ဖြင့် ခန္ဓာကိုယ်သဏ္ဍာန်ကို ပုံသွင်းလုပ်သည်။ နောက်မှ မိမိ၏သဏ္ဍာန်တော် အစိတ်အပိုင်းဖြစ်သော ‘နာမ်ဓါတ်’ ကို မှုတ်သွင်းခြင်းဖြင့် ပေါင်းဖွဲ့လိုက်ခြင်းဖြစ်သည်ဟုဆို၏။

ထိုအခါမှာမှ လူသည်အသက်ရှင်သော သတ္တဝါဖြစ်လာသည်ဟု ဆို၏။ ထို့ကြောင့်လူ၌ ‘ဘုရားဓါတ်ပွား’ ‘နာမ်ဓါတ်’ ရှိနေခြင်းဖြစ်သည်။ ထိုဂုဏ်သတ္တိကြောင့် လူသည် သတ္တလောက ၌ အသိဉာဏ်အရာတွင် ထိပ်တန်းအကျဆုံး၊ အရည်အသွေး အမြင့်မားဆုံးနှင့် တန်ဖိုးကြီးသည့် တစ်ခုတည်းသော သတ္တဝါဖြစ်နေခြင်း ပင် ...။

ထိုကာလ၌ ဖန်ဆင်းသောဘုရား၊ ဖန်ဆင်းခံလူသားနှင့် သူ့အတွက်ပြုလုပ် ဖန်ဆင်းပေးထားသော ကမ္ဘာလောကသည် သဟဇာတ ဖြစ်လျှက်အလွန်အလွန်လိုက်လျောညီထွေ ရှိပေ၏။

တစ်နေ့သ၌ ... ဤသို့ဖြစ်၏။ (ကယ်ကြပါဦးဗျို့...အာဒံနဲ့ဧဝကို ပိုးထိလို့) မဟာလူသားကျဆုံးခန်းကို သမ္မာကျမ်းစာက ဆက်၍ဖော်ပြ၏။ ထိုကာလမှစ၍လူသည် ‘ဓါတ်ပျက်’ ကာ သဘာဝပြောင်းသွားခဲ့ရ၏။

ဘုရားသခင်၏ စက်ရုံထွက်ပစ္စည်း မူလဖန်ဆင်းခံ (Original ဒေင်လူသား ) မဟုတ်တော့ပြီ။ ထိုအဆင့်အတန်းနှင့် အရည်အသွေး မရှိတော့ပါ။ ပုံစံပျက်ယွင်းလျှက် နိမ့်လျောကျဆင်းခဲ့ပြီဖြစ်၏။

သူ၏ ‘ရုပ်ခန္ဓာ’ သည် အဆိပ်သင့်၍ သဒ်ီရပုံစံထဲသို့ ပြောင်းပြီး(သေမျိုး)ဖြစ်ခဲ့ရ၏။ သက်သေမှာ(အို –နာ –သေ)ခြင်းဖြစ်စဉ်တစ်ခုလူ့အတွက်ရှိလာခဲ့ခြင်းပင်။ သူ၏ ‘စိတ်ခန္ဓာ’ သည်လည်း အဆိပ်ပျံ့ ကာ ... မှောင်မိုက်အတိကျရောက်သွား၏။ မူလသခင် (ဖန်ဆင်းရှင်) ကိုပင် သူမသိတော့ပါ။ ဘုရားနှင့် အဆက်ပြတ်ကာ တော်လှန်ပုန်ကန်သော အမျိုးအဖြစ်နှင့် ရန်ဖက်တော်အသွင်သို့ ပင်ပြောင်းလဲရောက်ရှိခဲ့ရ၏။

ထို့ကြောင့်လူသားတို့ ကမ္ဘာဂြိုလ်အတွင်း၌ (Harmony) သဘော ကွယ်ပျောက်ကာ လူသားနှင့်ဘုရားအကြား၊ လူလူချင်းအကြား၊ လူသားနှင့်သူ၏ကမ္ဘာလောကအကြား၊ ပဋိပက္ခအသွင်ဆောင်ကာ ရှုန်းရင်းဆန်ခတ်သဘောကြီးက ဝင်ရောက်လွှမ်းမိုးကာ နေရာယူသွားတော့၏။

လူသား၏ ‘စိတ်ဝိညာဉ်’သည် အလင်းတရားနှင့် အမှောင်တရားတို့အား ပြိုင်စစ်ခင်းရာ စစ်တလင်းတစ်ခု ဖြစ်ခဲ့ရပြီ။ ထို့ကြောင့် ‘စိတ်ကစွဲလည်း ရုပ်မဆောင်သာ’ ဆိုသည့် သဘောတရားတစ်ခု လူ့အတွက်ရှိလာခဲ့၏။

ထိုဖြစ်စဉ်ကြောင့် လူနှင့်သူ၏ ကမ္ဘာလောကအတွင်း၌ စစ်မှန်သောဘုရားသခင်၏

'ငြိမ်းချမ်းရေး' နှင့် 'ငြိမ်သက်ခြင်း' ကင်းမဲ့ ပျောက်ဆုံးသွားခဲ့ရ၏။ ထို့ကြောင့်လူသည် ဆောက်တည်ရာမရဖြစ်ကာ ကိုးကွယ်ရာ ရှာရကြတော့၏။ ထိုအခါမှစ၍ 'တမလွန်' ဆိုသည့် (အလုပ်ပိုနှစ်ခုဖြစ်သည့်) အရေးတာဝန် တစ်ခုသည် လူ့အတွက်လုပ်စရာရှိလာခဲ့ပြန်၏။

ဤသို့ဖြင့် လူတို့သည်သူနှင့်သူ့လောက၏ တိုက်ပွဲတွင်၎င်း၊ သူ့ကာယ၏အဖြစ်နှင့် သူ့အထင်တို့၏တွင်၎င်း၊ ကိုယ်စိတ်နှဖြာ ပင်ပန်းခြင်းကြီးစွာဖြင့် ရပ်တည်နေကြသူများဖြစ်လာတော့၏။

ဤ ... ကမ္ဘာ့ဖြစ်ရပ်မှန် အမှုကြီး၏ကျောရိုးကို ဇာတ်ရည်မလည်ပါက လူသည်မိမိကိုယ် မိမိသိရှိနိုင်စွမ်းမရှိပါ။ (ဘဲဥအစရှာ မရသကဲ့သို့ ဖြစ်၏)။ သိရှိနားလည်ပြီဆိုက ... မိမိကိုယ်မိမိ ရှာဖွေတွေ့ရှိခြင်းဟု ပြောနိုင်ပါလိမ့်မည်။ မိမိ၏ နယ်နမိတ်အဆုံးကိုမသိသောသူသည် အခြားသောနယ်နမိတ်ကို မသိရှိနိုင်ပါ။ တစ်နည်းဆိုသော် လူသည် မိမိကိုယ်မိမိမမြင်သေးသ၍ ဘုရားကိုမမြင်နိုင်ပါ (အနာသိမှ ဆေးရှိမည်ဖြစ်၏)။

လူအသီးသီးတို့သည် သဘောတရားတစ်ခုခုကိုတော့ လက်ကိုင်ပြုနိုင်ပါ၏။ ထိုသို့လည်းပြုနေကြ၏။ ထို့ကြောင့်လူသားတိုင်း ကိုယ်ကိုယ်တိုင်ကိုယ့်ရဲ့ဘဝမှန်ကို ပြန်ရှာဖွေတွေ့ရှိကြဘို့ အရေးကြီးလှပေ၏။

*အခန်း – ၂*

သိပ္ပံနည်းပညာနယ်ပယ် ကျယ်ဝန်းလာတာနဲ့အမျှ မဟာလူသားတို့ရဲ့ အစွမ်းတန်ခိုးနဲ့ တန်ဖိုးဟာ ပိုပြီးကြီးကျယ်ခမ်းနား မြင့်ထက်လာခဲ့ပါပြီ။

သူတို့မလုပ်တတ်တာ ... မလုပ်နိုင်တာ မရှိတော့ သလောက်ပါပဲ ... ။

'လ' ပေါ်ရောက်ကြတာ အတက်အဆင်း လုပ်တာလောက်ကတော့ ရင်ခုန်စရာ မဟုတ်တော့ပါဘူး ...။

လောကီလူ့ဘုံကနေ (Solar System) နယ်နမိတ်ထဲထိ ခရီးဆန့်လာနိုင်ကြပြီ ...။

အင်္ဂါဂြိုလ်ကို စေတမန်လွှတ်တင်နိုင်ကြပြီ။

မေထုန်သံဝါနည်းနဲ့မဟုတ်တဲ့(Clone) လို့ခေါ်တဲ့ ပုံတူကိုယ်ပွားတွေစနစ်နဲ့ ထုတ်ယူပွားယူနိုင်ကြပြီ။ အရာရာကို'အတု' လုပ်တတ်ပြီ အစားထိုးတတ်ပြီ။ ပွားယူထုတ်လုပ်နိုင်နေပြီ။ ဒါပေမဲ့ 'သွေး' ကိုတော့ လုပ်လို့မရနိုင်ကြသေးဘူးတဲ့၊ ဘာပဲပြောပြောအံ့သြ ချီးကျူးစရာ ကောင်းလှပါတယ်။ ဂုဏ်ယူစရာကောင်းတဲ့ အောင်မြင်မှုများပါပဲလေ ...။

ဘုရားနီးပါး ကိုတော်လာတတ်လာကြပြီ။ ဖန်တီးရှင်ကြီးတွေဆိုတဲ့ အဆင့်ကိုရောက်ပြီး ဖန်ဆင်းရှင်ဖြစ်လာမဲ့အချိန်ကိုသာ ထိုင်စောင့်ကြည့်ရတော့မှာပဲ(အရင်ဆုံးထိုင်ပြီးရှိခိုးဦးချဖို့)။

'လူရှင်' ရဲ့အသက်ကိုဆက်နိုင်ဖို့ ဖောက်ပြန် ချို့ယွင်းတဲ့ သူ့နှလုံးသားကို၊ 'လူသေ' ရဲ့ အကောင်းအတိုင်းရှိနေတဲ့ နှလုံးနဲ့အစားထိုးပြီး ကုသလာနိုင်ကြပြီ။ တခြား အင်္ဂါအစိတ်အပိုင်းတွေရောပေါ့။ တစ်ခါ 'လူရှင်' အချင်းချင်း 'ကျောက်ကပ်' ကိုဖြုတ်ပြီးလဲပေးလို့ရလာပြန်ပြီ (နှစ်ယောက်စလုံးအသက်ရှင်တယ်တဲ့)။

မနုဿလောကကြီးက 'သက်မဲ့' ပစ္စည်းလောကလို ဘော်ဒီအစိတ်အပိုင်းတွေ၊ အင်ဂျင်အစိတ်အပိုင်းတွေ ဖြုတ်လဲပြီးအရောင်းအဝယ်၊ အလဲအလှယ်တွေလုပ်လို့ရပြီ။ ငွေရှိဖို့သာလိုတာ (ဒါဟာဈေးကွက်ကြီးတစ်ခု တောင်ဖြစ်လို့လာပြီဆိုပဲ)။

'သွေး' ရောင်းစားနေတဲ့ ဈေးကွက်ကြီးကတော့ကြာလှပေါ့။ 'သွေး' လုပ်နိုင်လာတဲ့ တစ်နေ့ကျရင်တော့ သေချာပါတယ်။ လောကအတွက် ဘုရားမလိုတော့ဘူး။

*အခန်း – ၃*

နိုင်ငံခြားက You Were Lonely ဆိုတဲ့ အင်္ဂလိပ်သီချင်းတစ်ပုဒ်ကို... မြန်မာပြည်က တေးရေးဆရာတစ်ယောက်က မြန်မာလို စာသားပြောင်းသွင်းလိုက်တယ်။ မြန်မာပြည်က တီးဝိုင်းတစ်ခုက သူ့မူရင်းနုတ်(စ်)အတိုင်း ဒို–ရေ–မီ က အစအပေါက်အကျမလွဲအောင် တစ်ထပ်တည်းကူးပြီးပြန်တီးလိုက်တယ်။မြန်မာပြည်ကနာမည်ကြီးမင်းသားတစ်ယောက်က အရန်သင့်ကောက်ဆိုလိုက်တယ်။ 'ပေါက်' သွားရော ... 'ဘယ်တော့မှမမေ့ဘူး' ဆိုတဲ့ သီချင်းဖြစ်လာခဲ့တယ်။ သူတို့တွေနံမည်ကြီးသွားတယ်၊ ငွေတွေလဲရကြတယ်။

'မြန်မာတွေသိပ်တော်တယ်တဲ့' ဘယ်အပိုင်းကို ပြောတာလည်းတော့မသိဘူးပေါ့။ ဒီတော့မထူးပါဘူး။ ကျွန်တော်လည်းသူတို့လို လူတော်စာရင်းထဲပါအောင် အဲဒီ ကော်ပီသီချင်းထဲကစာသားတစ်ကြောင်းကိုထပ်ပြီးမှီငြမ်းပြီး 'အတွေး' တစ်ခုပွားပစ်လိုက်မယ်။ ဒီကမ္ဘာမြေကိုနောက်သို့ပြန်လှည့်ခိုင်းပြီး အရာရာအစက ပြန်စလို့ရှိရင်' အဲ – အဲဒီစာကြောင်းလေး တစ်ကြောင်းပဲခိုးယူလိုက်မယ် ။

ကမ္ဘာကြီးကိုရပ် အချိန်ကိုနောက်ပြန် (Rewind) လုပ် ၂၀၀၁ September 10

ကမ္ဘာ့အတော်ဆုံးခွဲစိတ်ပါရဂူ (၁၀) ယောက် အဆင်သင့်ပြင် ...

လူနှစ်ယောက်ကို ခွဲစိပ်ခန်းထဲထည့်၊ 'နှလုံး' ခြင်းအဲ့ (တည့်) ဖြုတ်လဲပစ်ကြစို့။

ကုလသမဂ္ဂအတွင်းရေးမှူး ဘန်ကီမွန်း နဲ့ အိုစမာဘင်လာဒင်တို့ပါပဲ။ အိုကေ... ခွဲစိပ်ကုသမှု အောင်မြင်တယ်တဲ့ (နှစ်ယောက်လုံး သူ့အိမ်သူ ပြန်ပို့လိုက်)။

နောက်ထပ်နှစ်ယောက်ထပ်ခေါ်ခဲ့ ...။ သမ္မတ Bush နဲ့ဆဒမ်ဟူစိန်။

ဒီတစ်ခါခွဲစိပ်ကုပါရဂူချုပ်က ပြောတယ်။ သူတို့နှစ်ယောက်ရဲ့ 'နှလုံး' ကိုဒဲ့ဖြတ်လဲလို့ ဘာမှမထူးဘူးဗျ။ နှစ်ယောက်စလုံးကစစ်တိုက်တမ်းကစားတာ ဝါသနာပါတယ်။ စစ်သွေးကြွတွေချည်းပဲ (ဆရာကျွန်တော် ဘာဆက်လုပ်ရမလဲ)။

အဲဒီအခါမှာကျွန်တော်က အို... လွယ်ပါတယ်ကွာ။ အမေရိကန် GAY ကလပ်တစ်ခုထဲက တီကောင်မြင်ရင်တောင်လန့်အော်တတ်တဲ့အခြောက်နှစ်ယောက် ဖမ်းခေါ်ခဲ့...သူတို့ 'နှလုံး' ကိုထုတ်ပြီးဟိုနှစ်ယောက်ထဲ ထည့်ပစ်လိုက်...(ဟာ ...သိပ်ကောင်းတဲ့ အကြံအစည်ပဲ)

အိုကေ... ခွဲစိပ်ကုသမှုအောင်မြင်တယ် ...။

လေးယောက်စလုံး သူတို့နေရာတွေကို ပြန်ပို့ပေးလိုက်။ တစ်ကမ္ဘာလုံးကဆေးရုံတွေဆီဖုန်းဆက်။ လောလောလတ်လတ် သေဆုံးသွားကြတဲ့အနုပညာရှင်၊ ဓမ္မပညာရှင်တွေရဲ့ဦးနှောက်နဲ့နှလုံးတွေကို အပူခံပြီး ဆေးစိမ်ထားခိုင်း ... ပြီးရင် ... ရသမျှအယ်လ်ကိုင်ဒါအဖွဲ့တွေကိုဖမ်းပြီး သူတို့ဦးနှောက်တွေ ရင်ဘတ်တွေကိုဖွင့်ပြီး အစားထိုးပေးလိုက် ... ကမ္ဘာကြီးက ဘာဖြစ်လာမလဲ စောင့်ကြည့်ရအောင်။ ဟော့ ... ရူပဗေဒပညာရှင်ကြီး 'အချိန်' ကိုရပ်ထားဦးနော်...မလွှတ်လိုက်နဲ့အုံး (ဟုတ်ကဲ့ပါဆရာ့ဆရာကြီး) သင်းတို့ရဲ့စိတ်ထားလေးတွေပြောင်းပြီး အတွေးအခေါ်ရှင် လောကကြီးဖြစ်လာမလားပဲ။ ကဲ... ဂြိုလ်တုစလောင်းတွေ ဖွင့်ပြီး ဗီဇပြောင်းပေးလိုက်တဲ့လူ တွေကို ကြည့်စမ်း ... အခြေအနေဘယ်လိုလဲလို့ ...။

'ဟာ' – ဟိုမှာ ကြည့်စမ်းသမ္မတဘုရှ်က နှုတ်ခမ်းနီဆိုးပြီး သီချင်းတွေဆိုရင်းကနေတယ် ... ဟူစိန်လည်းသူ့နန်းတော်ထဲမှာသိုသို သိပ်သိပ် ကလေးဓါတ်ပျက်နေတာ ...။

အိမ်ဖြူတော်နဲ့ နန်းတွင်းအရာရှိတွေကို ပြောလိုက်၊ စိတ်ပျော့နွဲ့သွားတဲ့ ခေါင်းဆောင်ကြီး နှစ်ယောက်ရဲ့သတင်းကိုဖုံးဖုံးဖိဖိလုပ်ပြီးအမှောင်ချထားလိုက် ...။

သေချာပြီ ... WTC လည်း မပျက်တော့ဘူး။ အာဖဂန်အမဲလိုက်ပွဲနဲ့ ပင်လယ်ကွေ့စစ်ပွဲကို ထိန်းချုပ်နိုင်ပြီ။ ဒါနဲ့ဟိုအခြောက်နှစ်ယောက်ကိုလဲ ကြည့်ဦးဘာလုပ်နေကြလဲလို့ ...။

'ဟာသူတို့နှစ်ယောက်က စစ်သားလို လမ်းလျှောက်နေကြတယ် ... ပြီးတော့ ဟိုအခြောက်ကိုနရင်းရိုက်လိုက် ... ဒီအခြောက်ကို ဖင်ပိတ်ကန်လိုက် လုပ်ရင်းအနိုင်ကျင့်ဗိုလ်ကျ နေကြတယ်ဆရာ ...။

ကိစ္စမရှိဘူးလွှတ်ထားလိုက် ... သူတို့ဗီဇပြောင်းသွားတာက မသကာအခြောက်လောက လေးတစ်ခုပဲ ကမောက်ကမဖြစ်တာ ... ကမ္ဘာလောကကိုမထိခိုက်ဘူး ...။

တစ်လောကလုံး အပျက်အစီးကင်းဖို့ သွေးထွက်သံယို ကင်းဖို့ဒီလူလေးယောက် ဗီဇပေါက်ပြ န်သွားတာလောက်ကတော့စာမဖွဲ့လောက်ပါဘူးလေ ...။

ဒီအချိန်မှာအရေးပေါ် တယ်လီဖုန်း 'အနီရောင်' ကမြည်လာတယ်။ ကလင်..ကလင် ဒီမှာ ပြဿနာပေါ်နေပြီဆရာ ဘန်ကီမွန်း သောင်းကျန်းနေတယ် ... ငြိမ်းချမ်းရေးအကြောင်း မပြောပဲနိုင်ငံတကာကိုစစ်တိုက်ဖို့တွန်းအားပေးနေတယ် ... 'စစ်ရေး အရတိုက်ခိုက်ဖြေရှင်းခြင်းသည်သာ ကျွန်ုပ်တို့၏အမှန်တရား' ဆိုတဲ့ခေါင်းစဉ်ကြီးကို UN ရုံးရဲ့နဖူးစည်းအဖြစ် ပြောင်းတတ်တော့မယ်တဲ့ဗျာ။ လုပ်ကြပါအုံး ...။

'ဒါဆိုရင်ဟိုအကောင် ဘင်လာဒင်ရော ... ဘာလုပ်နေလည်း ကြည့်စမ်းပါအုံး' သူကတော့ အေးဆေးပဲဗျ။ လီယိုတောစတွိုင်းရဲ့ War and Peace ဆိုတဲ့စာအုပ်ထိုင်ဖတ်ပြီး ငြိမ်နေတယ်။

ကောင်းပြီ ... ဒီလိုလုပ်၊ ဘင်လာဒင်ရဲ့ဘီဇ ဝင်လို့စိတ်ဖောက်နေတဲ့ ဘန်ကီမွန်း ကို ရာထူးကဖယ်ပြီးခဏချုပ်ထားလိုက် ... သူ့နေရာ UN ရုံးချုပ်ကိုအုပ်ချုပ်ဖို့ ဗာတီကန်နန်းတော်က ပုပ်ရဟန်းမင်း Benedict XVI ကိုမေတ္တာရပ်ခံလိုက် ... ဘယ့်နှဲ့လဲ

'ဒါဆို ဗာတီကန်နန်းတော်ကို ဘယ်သူအုပ်ချုပ်မှာလဲဆရာ' ဟာ ... ဘာလိုလို့လဲ အဲဒီမှာ ဖာသာတွေ ... ဘရာသာတွေ ... စစ်စတာတွေချည်းပဲနေကြတာ ... ဘုရားလူ၊ သူတော်စင်တွေကြီးပဲရှိနေတဲ့နေရာမှာ အထိန်းအကွပ်အစောင့်မရှိလဲရပါတယ်။ လောလောဆယ် လိုနေတာက အပြင်ကမ္ဘာလောကကြီးထဲမှာ မဟုတ်လား ...။

မတတ်နိုင်ဘူးကွာ ငါလည်း မကြံတတ်တော့ဘူး။ တစ်လောကလုံးငြိမ်းချမ်း သာယာဖို့တစ် ယောက်တော့ဆုံးရှုံးအနစ်နာခံရမှာပဲ ... ဘန်ကီမွန်း ကိုထောင်ဒဏ် တစ်သက်ပို့ထားလိုက်။

'ဆရာအားလုံးကို နဂိုမူလအတိုင်း ပြန်ထားပြီးဘင်လာဒင်ကိုစီရင်ပါလား'

တစ်ကမ္ဘာလုံးဝိုင်းဖမ်းနေတာ မိမှမမိဘဲ ... ဒီတော့ငါ့အစီအစဉ်အတိုင်းသာလုပ်၊ ကမ္ဘာ

လောကအကျိုးကိုလိုလားသူပါ။ သူသဘောတူပါလိမ့်မယ် ... သူ့ကိုချုပ်ထားပါ ... ဟိုလေးယောက်လဲသေသွားတာမှမဟုတ်တာ ... ဗီဇပြောင်းသွားရုံလေးပါပဲ..အဲဒါမှ လူတစ်ယောက်မှ မသေဘဲကမ္ဘာကြီးငြိမ်းချမ်းနိုင်မဲ့နည်းပဲ ...။

အိုကေ... ကောင်းပြီဆရာကျွန်တော်အချိန်ကိုပြန်လှတ်လိုက်တော့မယ်နော်'

ဟိုး ... Stop ... နေအုံး၊ မင်းငါ့အတွက် တစ်ခုလုပ်ပေးဖို့ကျန်သေးတယ်။ အများအကျိုးငါဆောင်ပြီးပြီ၊ ငါ့အကျိုးအတွက်လည်း ကြံတုန်းအခွင့်အရေးယူလိုက်မယ်..သေချာနားထောင် ...။

(၁) ဝိန်းရှုနီရဲ့ခြေထောက်ဟာ ၂၀၀၄ ကျရင် ဒေါ်လာသန်း ၅၀ ပေါက်မဲ့ခြေထောက်ကွ၊ ဒီတော့ သူ့ခြေထောက်တစ်ဖက်ကိုဖြတ် ... ငါ့ခြေထောက်တစ်ဖက်နဲ့ လဲထားပေး ... ဒါဆိုရင်တစ်ဖက်ကို ၂၅ သန်းတန် ခြေထောက်တစ်ချောင်းစီနဲ့ပေ့ါ ။

(၂) မိုက်တိုင်ဆန်ရဲ့ ဘယ်လက် တစ်ဖက်ကိုဖြတ်၊ ငါ့လက်တစ်ဖက်နဲ့လဲတပ်ပေး ... လက်သီးတစ်ချက်သန်း ၃၀ လောက်တန်တဲ့လက်မျိုးငါရလာမယ် ...။

(၃) မိုက်ကယ်ဂျက်စင်ရဲ့လည်ပင်းကိုခွဲပြီးတော့ အသံအိတ်ကိုထုတ်... ငါ့အသံအိတ်နဲ့ လဲမယ်...(ကြိုက်လို့တော့မဟုတ်ဘူး...ဒီကောင်ကအလုပ်ပိုဖြစ်တယ်) တစ်ခါတစ်ခါ ကြောင်ပြီးထအော်လိုက်ရင် ဒေါ်လာချပ်ရေ ၁၀ သန်းတော့အနည်းဆုံးပဲ ...

(၄) ဦးနှောက်တစ်ချမ်းကိုတော့ ကွန်ပျူတာသူဌေးလေးဘီလ်ဂိတ်နဲ့ လဲပေး ... တစ်ခြမ်းထဲနော် ... (အကုန်လုံးဆိုငါ့ကိုယ်ငါမမှတ်မိပဲနေဦးမယ်)။

(၅) အင်း...ကျန်သေးတဲ့ခြေထောက် တစ်ဖက်ကိုကမ္ဘာ့ပြိုင်ကားချန်ပီယံဖြစ်တဲ့ မိုက်ကယ်ရှူးမေကာ ရဲ့ခြေထောက်နဲ့လဲပေး(လီဗာနင်းတဲ့အခါ ပြိုင်ဘက်ကင်းအောင်လို့)။

(၆) လက်တစ်ဖက်ကျန်သေးတယ် ... ဟုတ်ပြီ အင်ဒရေအက်ဂါစီ ရဲ့လက်နဲ့ဖြတ်လဲပေး ... တင်းနစ်ပါရိုက်တတ်အောင်ပေ့ါ ..။

အိုကေ ... ခွဲစိပ်ကုသမအောင်မြင်တယ် ...ခွဲစိပ်ပါရဂူချုပ်က ပြောလာတယ်'ဆရာ လုပ်လက်စနဲ့တစ်ခါထဲလုပ်လိုက်ပါလား ... ဒီလိုအခွင့်အရေးထပ်မရနိုင်တော့ဘူးနော် ... သုံးနေရာကျန်နေတယ် ... ဆရာ့မျက်နှာရယ် ... အသဲနှလုံးရယ် ... ခါးအောက်ပိုင်းကအင်္ဂါတစ်ခုရယ်လေ'

Oh ! No ..No ..No , တော်ပြီ .. အသဲနှလုံးကတော့ 'ခရစ်တော်' ရဲ့နှလုံးသားမျိုးမွေးကထဲကငါ့မှာပါလာခဲ့တာကွ၊ ဟဲ ...ဟဲ ...ဟဲ (ဘယ်သူနဲ့မှအစားထိုးပြီး လဲစရာမလိုဘူး) မျက်နှာနဲ့ ကျန်တဲ့အစိတ်အပိုင်းလဲ ဒီအတိုင်းပဲထားမယ် ... လုံးဝလဲလို့မဖြစ်ဘူး။ (ငါ့မိန်းမ မမှတ်မိမှာစိုးလို့)။

ဒီလောက်ဆိုရင် ကျေးဇူးတင်လှပါပြီကွာ .. ငါသိပ်လောဘမကြီးတတ်ပါဘူး ...။

အိုကေ... အချိန်ကို ၂၀၀၁ စက်တင်ဘာ ၁၀ ရက်နေ့ကနေပြန်ပြီး ပုံမှန်အတိုင်းလှတ်လိုက်တော့ ...

ချက် ...ချက် ...ချက် ... စက္ကန့်တံတွေ သွားနေတယ် ...။

သိပ္ပံပညာရှင်တွေ လုပ်ပေးနိုင်မလား အတွေးအခေါ်ရှင်တွေကြံစည်ပေးနိုင်မလား အဲလို လုပ်လို့ရရင်သိပ်ကောင်းမှာပဲနော် ။

*တင်အောင်လွင် ( Exodus)*

## လိုက်နာဖို့ဝေး

သင်းအုပ် အသစ်စက်စက် ဆရာလေး တစ်ပါးသည် သူ၏ ပထမဆုံးသော တရားဟောချက်ကို အတွေ့အကြုံမရှိသေးသောကြောင့် အလွတ်မဟောနိုင်ဘဲ ပြင်ဆင်ထားသော တရားဟောချက်ကို အကြိမ်ကြိမ် ဖတ်၍ဟောနေလေသည်။ ဝတ်ပြုအပြီးတွင် အသင်းတော်လူကြီးတစ်ဦးနှင့် တွေ့ဆုံကာ သူ၏တရားဟောချက်အပေါ် သဘောထားကို မေးမြန်းလေသည်။ ထိုအခါ အသင်းတော်လူကြီးက ပြန်ဖြေလိုက်ပုံမှာ ...

''အောင်မယ်လေး ဆရာရယ် ... ဆရာတောင် ကိုယ်ဟောတဲ့တရားကို မမှတ်မိနိုင်ရင်
ကျွန်တော်တို့ ဆို ဝေလာဝေးဘဲ'' ဟူသတတ်။

*မှတ်ချက်။ ။ ကယ်တင်ခြင်းအောင်လံမှ ကောက်နုတ်တင်ပြထားပါသည်။*

# စိုးရိမ်ပူပန်ရမှုကြီး

သေရတော့မည်ဟူသော အတွေးထက် အခြားသောလက်မှိုင်ချ စိတ်လျှော့ဖွယ်ရာ အတွေး မရှိတော့ပြီ။ ဘဝအသက်တာ၏ အဆုံးတွင် သေခြင်း၏အခြားတစ်ဖက်၌ ရှိသော အရာကို ရင်ဆိုင်ကြရမည်။ နှုတ်ကပတ်ကျမ်းစာက ကောင်းကင် (သို့) ငရဲ တစ်ခုခုကို ရင်ဆိုင်ရမည်ဟု ပြောထားသည်။ ငရဲကို ရင်ဆိုင်ရမည့်အရေးကား အမှန်ရင်လေးစရာပင်။

လူအများစုအား သင်တို့သေပြီးနောက် ကောင်းကင်သို့ ရောက်မည်လားဟုမေးလျှင် များသောအားဖြင့် ‘‘မျှော်လင့်ရတာပဲ’’ (သို့) ‘‘ကျွန်ုပ်ရဲ့အကျင့်ကောင်းရင် ရောက်ကောင်းရောက်မှာပေါ့’’ ဟူ၍သာ ဖြေကြသည်။ အမှန်ဝန်ခံစတမ်းဆိုလျှင် ငရဲသို့ ရောက်မည်ဟူသော အတွေးက သူတို့ကို အမှန်ပင်ချောက်လှန့်ကြောင်း ဝန်ခံကြပေမည်။ သို့သော် နှုတ်ကပတ်တော်၌ ဘုရားရှင်က ကျွန်ုပ်တို့သည် ကောင်းကင်သို့ခရီးဦးတည်နေကြောင်း တိတိကျကျ သိနိုင်သည်ဟုပြောထားပါသည် (၁ ယော၅း၁၃)။ သိနိုင်သည့် အကြောင်းရင်းကိုလည်း ပြောထားပါသည်။

ရှေ့ဦးစွာ ကျွန်ုပ်တို့ကောင်းကင်နိုင်ငံသို့ ဝင်စားနိုင်ရေး လိုအပ်ချက်များကို ယေရှုခရစ်တော်က ပြည့်စုံစေခဲ့ပြီး သောကြောင့် ဖြစ်သည်။ သူသည် အပြစ်တင်ခွင့် ကင်းသော အသက်တာနှင့် အသက်ရှင်ပြီး ကျွန်ုပ်တို့၏ အပြစ်ကိုပေးဆပ်ရန် ကားတိုင်ထက်၌ အသေခံခဲ့သည်။ ကျွန်ုပ်တို့အတွက် သူ၏စွန့်လွှတ်ပေးဆပ်မှုကို ဘုရားရှင်လက်ခံကြောင်း သေခြင်းမှ ရှင်ပြန်ထမြောက်ခြင်းဖြင့် သက်သေထူခဲ့သည်။ ကျွန်ုပ်တို့ဘာကိုမှ မလုပ်ဆောင်နိုင်ပါ။ ဘုရားရှင်ဆောင်ရွက်ပေးသော ကျေးဇူးတော်၏ အံ့ဖွယ်နိမိတ်လက္ခဏာပင်ဖြစ်သည်။

ဒုတိယအနေဖြင့် ကောင်းကင်နိုင်ငံတော်သို့ ပို့ဆောင်သောလမ်းသည် ကိုယ်ကျင့် တရားအားဖြင့် မဟုတ်ပြီ။ ယုံကြည်ခြင်းဖြင့်သာ ဖြစ်ရမည် (ဧ ၂း၈–၉)။ သခင်ယေရှု၏ အသေခံခြင်း၊ ဘုရားရှင်၏ ချစ်ခြင်း မေတ္တာဖြင့်ပေးသော အပြစ်လွှတ်ခြင်းနှင့် စပ်လျဉ်း၍ သခင်ယေရှုအား ယုံကြည်ခြင်းအားဖြင့် သာ တုံ့ပြန်ရမည် (တ ၁၆း၃၁)။ ကျွန်ုပ်တို့၏ ဝိညာဉ်ရေး လိုအပ်ချက်ကိုပြည့်စုံစေသော ကယ်တင်ခြင်းဟူသည် ကျေးဇူးတော်အားဖြင့် အခမဲ့ပေးသော လက်ဆောင် ဖြစ်ပါသည်။

ခရစ်တော်ကျွန်ုပ်တို့အတွက် ပေးဆပ်ခဲ့သော အမှုကို ယုံကြည်လျက် ခရစ်တော် ကိုယ်တိုင်အားလက်ခံလျှင် ကျွန်ုပ်တို့အပြစ်ပြုမိစဉ် ကောင်းကင်ဘုံ၌ရှိသော ကျွန်ုပ်တို့၏ အခွင့်အရေးဆုံးရှုံးမည်ကို စိုးရိမ်စရာမလိုပေ။ ကျွန်ုပ်တို့နှင့် ခရစ်တော်ရှင်၏ ဆက်နွှယ်မှုကြောင့် ဘုရားရှင်က ကျွန်ုပ်တို့ကို လက်ခံပေသည်။ ဘုရားရှင်သည် သူ၏ တစ်ပါးတည်းသောသားတော်ကို မပယ်ဖျက်ဘဲ ကျွန်ုပ်တို့ကိုလည်း မပယ်ဖျက်နိုင်ပါ။ ဤအမှုကို ဘုရားရှင်မည်သည့်အခါမှ မပြုပါ။ ကျွန်ုပ်တို့သည် သခင်ယေရှုအားယုံကြည် အပ်နှံပါက ထာဝရကာလအတွက် စိုးရိမ်ပူပန်စရာမလိုတော့ပြီ။

*မှတ်ချက်။ ။ နေ့စဉ်ခွန်အားစာစောင်မှ ကောက်နှုတ်တင်ပြထားပါသည်*

## လောကညသည်

ညှော်သည်ဟူသည်
ခရီးထွက်လျှင်
စရိတ်လည်းထောက်
လမ်းလည်းသိမှ
ခရီးပေါက်မည်

ညှော်သည်ဟူသည်
လမ်းခရီး၌
ရေဆာတစ်လှည့်
ဗိုက်ဆာတစ်လှည့်
နွမ်းလျနေမည်

ညှော်သည်ဟူသည်
အိမ်ရှင်အကြိုက်
အလိုက်သိကာ
အိမ်ရှင်ကျွေးသမျှ
ကျေးဇူးတင်မည်

ညှော်သည်ဟူသည်
တည်းခိုနေခိုက်
သုံးလေသမျှ
အိမ်ပြန်သွားက
အကုန်ထားခဲ့မည်

ညှော်သည်ဖြစ်သူ
အကြင်လူသား
သင်၏အိမ်ကား
အဘယ်မှာနည်း
ဘယ်သောအခါ
ဘယ်အရပ်သို့
အဘယ်လမ်းဖြင့်
အိမ်ပြန်မည်နည်း

သံလွင်(E B S)